# ရှောလု၏စကားပြောခြင်း

YR C
NO. 6

အလွတ်ကျမ်းချက် တမန်တော်ဝတ္ထု ၄း၃၃

“သခင်ယေရှု ထမြောက်တော်မူခြင်း အကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့် သက်သေခံ၍၊ ထိုသူအပေါင်းတို့သည် ကြီးသော ကျေးဇူးတော်နှင့် ပြည့်စုံကြ၏။”



## တနင်္ဂနွေနေ့ ၊ သတေဖန် (တမန်တော်ဝတ္ထု ၆း၈-၇း၆၀) ၁

သတေဖန်သည် အသင်းတော်က ခုနစ်ဦးထဲ၌ တစ်ဦးအပါအဝင်ဖြစ်၏။ သူသည် ဆင်းရဲသားများ၏လိုအပ်ချက်များကို ကူညီရာ၌ တမန်တော်များအတွက် ကူညီပံ့ပိုးဖို့ရန် ရွေးချယ်ခံထားရသောသူဖြစ်သည်။ သို့သော် ထိုအရာသည် သူလုပ်ခဲ့သောအရာအားလုံး မဟုတ်သေးပေ။ သူသည် တရားဇရပ်ထဲ၌လည်း မကြာခဏ တရားဟောခဲ့သေး၏။

သတေဖန်သည် အလွန်ရဲရင့်သောသူဖြစ်ပြီး၊ သူ တရားဟောသည့်အချိန်၌လည်း တက်ကြွသောသူဖြစ်သည်ကို ဘာသာရေးခေါင်းဆောင်များသည် မကြာမီ၌ သူ့ကို သတိထားမိခဲ့ကြ၏။ သူနှင့်အငြင်းအခုန်လုပ်ဖို့ရန် သူတို့၏ပညာရှိပုဂ္ဂိုလ်များကို သူတို့ စေလွှတ်လေ၏။ သို့သော် သတေဖန်သည် သူတို့အား အမြဲတမ်း အပြတ်အသတ်အနိုင်ယူခဲ့၏။ နောက်ဆုံး၌ သူတို့သည် သတေဖန်ကို ထောင်ချလိုက်ပြီး၊ ကောင်စီလည်း သူတို့၏ပညာတတ်ဆရာများကို အကူအညီအတွက် စေလွှတ်ခဲ့ကြ၏။

ရှောလုသည် တာရှုမြို့သားဖြစ်ပြီး၊ သူသည် သတေဖန်ကို မမှန်သောသက်သေဖြင့် ကြိုးစားခြင်းအထဲ၌ ခေါင်းဆောင်ဖြစ်သည်။ သို့သော် မကြာမီတွင်၊ သတေဖန်၏အံ့ဖွယ်သောကျမ်းစာသိကျွမ်းခြင်းကို အနိုင်ယူရန် နည်းလမ်းမရှိကြောင်း သူသဘောပေါက်ခဲ့သည်။ ထို့ကြောင့် ဘာသာရေးခေါင်းဆောင်များသည် သတေဖန်ကို သတ်ရန် ဆုံးဖြတ်ခဲ့ကြ၏။ ထို့နောက် သူတို့ဘာဆက်လုပ်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၆း၁၂-၁၄။

သတေဖန်သည် သူ့အားစွပ်စွဲသူများကို တုန့်ပြန်ဖြေပေးသည်နှင့်အမျှ၊ သူ၏မျက်နှာသည် ကောင်းကင်တမန်၏မျက်နှာကဲ့သို့ အလင်းဖြင့်တောက်ပနေခဲ့၏။ ကောင်စီမှ အဖွဲ့ဝင်များသည် ကြောက်ရွံ့ကြပြီး၊ သူတို့၏မျက်နှာများကို ဖုံးကွယ်ခဲ့ကြ၏။ သို့သော် သူတို့အားလုံးသည် သူတို့၏အသိတရားကို မသိကျိုးကျွန်ပြုဖို့ရန်နှင့် အမှန်တရားကို ဆက်လက်ငြင်းပယ်ခြင်းကိုသာ ရွေးချယ်ခဲ့ကြ၏။



သူတို့၏ပြစ်တင်ချက်များကို သတေဖန်တုန့်ပြန်ခဲ့သည့် အတောအတွင်း၊ သတေဖန်သည် လူများ၏အာရုံစူးစိုက်ခြင်းကို ရရှိခဲ့သည်။ လူများတို့သည် အငြင်းအခုန်ပြုမည့်အစား၊ သတေဖန်၏ ပြောပြသမျှအကြောင်းအရာကို အလွန်နှစ်ခြိုက်ခဲ့ကြ၏။ အာဗြဟံ အကြောင်းနှင့် အစပြုပြီး၊ ယုဒတိုင်းပြည်၏သမိုင်းအစဥ်အဆက်များကို ရှောလမုန်အချိန်တိုင်အောင် အချက်ကျကျ ဟောပြောခဲ့၏။

သို့သော် သတေဖန်သည် ပရောဖက်ပြုချက်များနှင့် ဝတ်ပြုရာအိမ်တော်သည် သခင်ယေရှုနှင့် မည်သို့ဆက်စပ်နေသည်ကို အချက်ကျကျ ဖော်ပြပေးသောအခါ၌၊ ကောင်စီသည် ကြောက်မက်ဖွယ်ရာ အမှုကိုပြုလုပ်ခဲ့ကြ၏။ ယဇ်ပရောဟိတ်မင်းသည် လှပသော သူ၏ဝတ်လုံကို ဆုတ်ဖြဲလိုက်သည်ကို သတေဖန်သည် မြင်သောအခါ၊ အသက်ရှည်ရှည်နေရတော့မည် မဟုတ်ကြောင်း သူသိခဲ့သည်။ ထို့နောက် သူဘာပြောခဲ့သနည်း။ တမန်တော်ဝတ္ထု ၇း၅၁-၅၃။

ကောင်စီအဖွဲ့ဝင်များသည် သတေဖန်၏စကားများဟုတ်မှန်သည်ကို သိခဲ့ကြသည်၊ သို့သော် ၎င်းသည် သူတို့အား ဒေါသအမျက်ပြင်းထန်စေခဲ့ပါသည်။ သူတို့သည် သတေဖန်ဆီ အပြေးအလွှားသွားပြီး၊ ရိုင်းသောတိရစ္ဆာန်များပမာ ပြုမူခဲ့ကြ၏။ သို့သော် သတေဖန်သည် သူတို့ကို သတိမထားမိခဲ့ပါ။ သို့ဖြစ်လျှင်၊ သူသည် ဘာကို မြင်နေခဲ့သနည်း။ အငယ် ၅၅၊ ၅၆။

အရင်ကထက် ပို၍ဒေါသအမျက်ထွက်ကြသော ကောင်စီအဖွဲ့ဝင်များသည် သတေဖန်စကားအား သည်းမခံနိုင်သောကြောင့် မိမိတို့၏နားကို ပိတ်ဆို့လျက် ပြင်းစွာသောအသံနှင့် ဟစ်ကြွေးလေ၏။ သူတို့သည် သတေဖန်အား ဘာလုပ်ခဲ့ကြသနည်း။ အငယ် ၅၈-၆၀။

**လက်တွေ့ကျင့်သုံးရန်** - သတေဖန်သည် ပထမဦးဆုံးသော ခရစ်ယာန်မာတုရဖြစ်သည်။ (မာတုရဟူသည် အမှန်တရားအကြောင်းကို သက်သေခံခြင်းအတွက် အသတ်ခံရသူဖြစ်သည်။) ယေရှုခရစ်တော်သည် သတေဖန်အား ခွန်အားလိုအပ်သည့်အခါ၊ ခွန်အားပေးခဲ့သည်။ ထိုနည်းတူ၊ ကျွန်ုပ်တို့သည် ခွန်အားကို လိုအပ်သောအခါ၊ သခင်ယေရှုသည် ကျွန်ုပ်တို့အား ပေးမည်ဖြစ်သည်။

## တနင်္လာနေ့ ၊ သီတင်းခုနှစ်ဆယ်၏နိဂုံး (တမန်တော်ဝတ္ထု ၈း၁-၄) ၂

သတေဖန်အား ကျောက်ခဲနှင့်ပေါက်သတ်ခြင်းသည် ယုဒလူမျိုးများ၏သမိုင်း၌ အရေးကြီးသောအမှတ်အသားတစ်ခုအဖြစ် မှတ်သားခဲ့သည်။ ထိုအချိန်ထိ၊ သူတို့သည် ဘုရားသခင်၏အထူးရွေးချယ်ခံရသော လူမျိုးများဖြစ်ခဲ့သည်။ ဘုရားသခင်သည် သူတို့အား သူ့အတွက် လောက၌ အလင်းအဖြစ် အသုံးပြုစေလိုခဲ့၏။

ဘုရားသခင်သည် သူ့အား အဘယ်အမှုအတွက် ခေါ်တော်မူခြင်းအကြောင်းကို သူတွေးမြင်ခဲ့သည်နှင့်အမျှ၊ နှုတ်ကပတ်တော်ကို တိတ်ဆိတ်စွာ လေ့လာခြင်း၊ ဘုရားသခင်နှင့်အဆက်အသွယ်လုပ်ခြင်းနှင့် ဆုတောင်းခြင်းသည် သူ့အတွက် အချိန်များများ ပေးဖို့ရန် အဘယ်မျှလောက် အရေးကြီးကြောင်း သူ နားလည်သဘောပေါက်ခဲ့လေ၏။ ပေါလုသည် သူ၏ဟောပြောသောအရာများသည် သူ့ထံမှလာခြင်းမဟုတ်ကြောင်းကို “လူပညာနှင့် ယှဥ်သောဖြားယောင်းသောစကားနှင့်တကွ ရှိသည်မဟုတ်။ သို့သော် ဝိညာဥ်တော်၏ နိမိတ်လက္ခဏာတန်ခိုးဖြစ်၏” ဟု အာမခံခဲ့၏။ သူသည် အလွန်အရေးကြီးသော လူများတို့၏ယုံကြည်ခြင်းအတွက် လူများအား တရားဟောသောအခါ၌ “လူပညာ



အားဖြင့် မတည်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် တည်စေခြင်းဖြစ်သည်” ဟု ဟောလေ၏။ (ကောရိန္သုဩဝါဒစာ ပထမစောင် ၂း၄၊ ၅)

**လက်တွေ့ကျင့်သုံးရန်** - နှုတ်ကပတ်တော်ကို လေ့လာခြင်းနှင့် ဆုတောင်းခြင်း၏အရေးကြီးခြင်းကို သင် သတိရပါသလား။ ထိုနည်းအားဖြင့် ပေါလုသည် ယေရှုခရစ်တော်အတွက် တန်ခိုးရှိသော အမှုဆောင်ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့သည်လည်း သခင်ယေရှုအတွက် ထိရောက်သော အမှုဆောင်လုပ်ဖော်ကိုင်ဖက်များဖြစ်ချင်လျှင်၊ ကျွန်ုပ်တို့သည်လည်းပဲ နှုတ်ကပတ်တော်ကို လေ့လာခြင်းနှင့် ဆုတောင်းခြင်း၌ သခင်ယေရှုနှင့်အတူ အချိန်များများယူဖို့ရန် လိုအပ်ပါသည်။

## သောကြာနေ့ ၊ ယေရုရှလင်သို့ တဖန်ပြန်လာခြင်း ၆

ဒမာသတ်မြို့သို့အပြန် ပေါလုသည် ယေရှုခရစ်တော်၏နာမတော်၌ တဖန်ရဲရင့်စွာ တရားဟောခဲ့၏။ သူဟောနေသော အမှန်တရားကို ယုဒခေါင်းဆောင်များသည် မငြင်းပယ်နိုင်ခဲ့သော်လည်းပဲ၊ သူတို့သည် သူ့ကိုသတ်ရန် စိတ်ဆုံးဖြတ်ချက်ချခဲ့သည်။ ပေါလုအားဖမ်းဆီးရန် မြို့ဝင်တံခါးများအားလုံးထံသို့ နေ့ရောညပါ အစောင့်ထားဖို့ရန် စာရေးခဲ့ကြ၏။ ပေါလုသည် ထိုအရာမှ အဘယ်သို့ လွတ်မြောက်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၉း၂၅။



ထို့နောက်၊ ပေါလုသည် ထိုနေရာမှ ယေရုရှလင်သို့ ခရီးနှင်ခဲ့၏။ သူသည် တပည့်တော်များကို တွေ့ဆုံရန် ကြိုးစားခဲ့၏။ သို့သော်တပည့်တော်များက သူသည် အလွန်ကြောက်မက်ဖွယ်ကောင်းသောသူ၊ ထိုနေရာ၌ရှိသော ယုံကြည်သူများကို နှိပ်စက်သောသူ ဖြစ်သောကြောင့် သတိထားခဲ့ကြ၏။ တပည့်တော်များသည်လည်း သူ့အား ကြောက်ရွံ့နေကြသေး၏။ သူသည် လုံးလုံးပြောင်းလဲသောသူ ဖြစ်ကြောင်းကို ယုံကြည်ရန် ခက်ခဲခဲ့ကြ၏။

နောက်ဆုံး၌၊ သူသည် အထူးရွေးချယ်ခံထားရသောသူဖြစ်ပြီး၊ သမ္မာတရားအတွက် အင်အားကြီးသော ချန်ပီယံတစ်ယောက် သူတို့ထံသို့ ဘုရားသခင်စေလွှတ်သောသူဖြစ်ကြောင်း သူ့အား စိတ်ချနိုင်ကြောင်းကို မကြာမီ၌ သူတို့သိမြင်နားလည်ခဲ့ကြသည်။ တပည့်တော်များ ယုံကြည်စေရန် ဘုရားသခင်သည် သူ့ကိုမည်သို့ အသုံးပြုခဲ့သနည်း။ အငယ် ၂၇၊ ၂၈။



ပေါလုက ယေရှုသည် သမ္မာကျမ်းစာမှ မေရှိယဖြစ်ကြောင်း ဘာသာရေးခေါင်းဆောင်များ ယုံကြည်လက်ခံစေဖို့ရန်နှင့် သူယုံကြည်သကဲ့သို့ ယုံကြည်ရန် သူသည် အလွန်စိတ်အားထက်သန်ခဲ့သည်။ ပေါလုသည် ဤလူတို့နှင့်အတူ အလုပ်တွဲလုပ်ခဲ့ဖူးသည်၊ သူတို့ကို ကောင်းစွာသိခဲ့သည်ဟု သူခံစားခဲ့ရသည်။ သူတို့က အမှန်တကယ်ရိုးသားသူများဖြစ်ကြောင်း၊ သူတို့သည် အမှန်ကို လုပ်ချင်ခဲ့ကြကြောင်း သူသေချာစွာသိခဲ့သည်။

သို့သော် ပေါလုသည် သူတို့နှင့်တွေ့ဆုံသောအခါ၊ သူသည် ယေရှုခရစ်ကို အဘယ်ကြောင့်ယုံကြည်လက်ခံခဲ့ကြောင်းကို သမ္မာကျမ်းစာမှ သူတို့ကို ပြသောအခါ၌၊ သူတို့သည် စိတ်နှလုံးအတွင်း၌ အမှန်တကယ်ရိုးသားသောသူမဟုတ်ကြောင်း သိရှိသဘောပေါက်ခဲ့၏။ သူတို့သည် မည်သည့်အရာကို လုပ်ဆောင်ဖို့ရန် ကြိုးပမ်းခဲ့ကြသနည်း။ အငယ် ၂၉။

တစုံတစ်ခုအားဖြင့် သူတို့အထဲမှ တချို့သောသူများကို ကယ်တင်ခြင်းခံရဖို့ရန် အကူအညီပေးနိုင်ပါက ထိုအရာအတွက် သူ၏အသက်တာကို စတေးရန် ပေါလု ဆန္ဒရှိနေခဲ့လေ၏။ သို့သော် ဘုရားသခင်၌ တခြားသောအစီအစဥ်များရှိနေခဲ့သည်။ ထို့နောက် ပေါလု ဘာလုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၂း၁၇-၂၁။ သူတို့သည် ဤဗျာဒိတ်ရူပါရုံအကြောင်းကို ကြားသိသောအခါတွင်၊ ယေရုရှလင်မြို့၌ရှိသော ယုံကြည်သူများသည် ပေါလုအား မိမိ၏ဇာတိမြို့ဖြစ်သော တာရှုမြို့သို့ ထွက်ပြေးရန် ကူညီပေးခဲ့ကြ၏။

**လက်တွေ့ကျင့်သုံးရန်** - ပေါလုသည် သူ၏အသက်တာ လုံးဝပြောင်းလဲခဲ့ကြောင်းကို ပြသခဲ့သည်။ အခြားသောသူများကို တစ်ကြိမ်သတ်ခဲ့သည့်အတွက် ထိုအချိန်၌ သူသည် သမ္မာတရားအတွက် အသေခံရန် အလိုဆန္ဒရှိခဲ့၏။ ၎င်းသည် စစ်မှန်သော နောင်တရခြင်း ဖြစ်သည်။ ထိုအရာသည် ကျွန်ုပ်တို့၏ အထဲ၌ ခရစ်တော်ယေရှုကို နေခွင့်ပေးလိုက်သောအခါ၊ ဖြစ်ပျက်လေ့ရှိသည့် အလုံးစုံ ပြောင်းလဲခြင်းပေတည်း။

သို့သော် ထိုသို့မဟုတ်ခဲ့ချေ။ သတေဖန်သည် ယုဒလူမျိုးအကြောင်းကို အဘယ်သို့ဖော်ပြထားကြောင်း တမန်တော်ဝတ္ထု ၇း ၅၁- ၅၃ ကို ဖတ်ပါ။ သူတို့သည် ဘုရားသခင်၏သားတော် ယေရှုခရစ်တော်ကို သတ်ခဲ့သော်လည်းပဲ၊ ဘုရားသခင်သည် ယုဒလူမျိုးများအား နောင်တရဖို့ရန် အခွင့်အရေးထပ်၍တကြိမ် ပြန်ပေးခဲ့သည်။ ဘုရားသခင်သည် တပည့်တော်များကို အထူးသဖြင့် ယေရုရှလင်မြို့၌ သုံးနှစ်ခွဲအထက် ဟောပြောဖို့ရန် စေလွှတ်ခဲ့သည်။

မြောက်များစွာသောသူများသည် ထိုသတင်းစကားများကိုကြားပြီး၊ ယုံကြည်လက်ခံခဲ့ကြ၏။ အဘယ်သို့ဖြစ်စေကာမူ၊ ဘာသာရေး ခေါင်းဆောင်များသည် အမှန်တရားကိုငြင်းပယ်ခြင်း၌ ပို၍ ပို၍ ခေါင်းမာလာခဲ့ကြသည်။



ဘုရားသခင်သည် ဒံယေလအား ထိုဧဝံဂလိသတင်းစကားသည် ယုဒလူမျိုးများအတွက် နှစ်ပေါင်း ၄၉၀ (၇၀ သီတင်း) အထိသာပေးပြီး၊ ထို့နောက် လောကီအရပ်ရပ်သို့ ဧဝံဂေလိသတင်းစကားကို ကျယ်ပြန့်စေမည်ဟု ဖော်ပြခဲ့သည်။ (ဒံယေလအနာဂတ္တိ ကျမ်း ၉း၂၄) ထိုအချိန်သည် အေဒီ ၃၄ ၌ ဘာသာရေးခေါင်းဆောင်များ သတေဖန်အား ခဲနှင့်ပေါက်သတ်ခြင်းအားဖြင့် ပြီးဆုံးခဲ့သည်။ သတေဖန်သည် နောင်တရဖို့ရန် သူတို့အတွက် ဘုရားသခင်၏နောက်ဆုံးခေါ်ခြင်းဖြစ်ပြီး၊ သူ့ကို သတ်ခြင်းသည် ယုဒလူမျိုးများက ယေရှုကို ငြင်းပယ်ခြင်းအားဖြင့် သူတို့၏နောက်ဆုံးရွေးချယ်ခြင်းကို ပြသခဲ့သည်။

ထိုအချိန်မှစ၍ ယုဒလူမျိုးများသည် ဘုရားသခင်၏ အထူးရွေးချယ်ထားသော လူမျိုးများဘယ်တော့မှ မဟုတ်တော့ချေ။ မှန်ပေ၏၊ ယုဒလူမျိုးများ တစ်ဦးချင်းအလိုက် သခင်ယေရှု၏သတင်းစကားကို လက်ခံယုံကြည်နိုင်သေးလျှင်၊ သူသည် ကယ်တင်ခြင်းရမည် ဖြစ်သည်။ သို့သော် ဘုရားသခင်သည် ယုဒလူမျိုးများကို လောကီအရပ်ရပ်သို့ သက်သေခံဖို့ရန် အသုံးပြုမည် မဟုတ်တော့ချေ။ ထိုအချိန်မှစ၍၊ ဘုရားသခင်သည် ထိုအရာအတွက် ခရစ်ယာန်အသင်းတော်ကိုသာ အသုံးပြုခဲ့သည်။

ထိုအချိန်ခါ၌၊ သူတို့သည် သခင်ယေရှုကို လုံးလုံးငြင်းပယ်ခဲ့ကြပြီး၊ လွှတ်တော်ကောင်စီသည် ယေရုရှလင်၌ရှိသော အခြားသော ယုံကြည်သူများအပေါ်သို့ အမျက်ဒေါသထွက်ခဲ့သည်။ ရှောလုသည် အရာရှိတယောက်ဖြစ်ပြီး၊ သတေဖန်ကို သတ်ခြင်း၌ ရှောလုသည် ကောင်စီအဖွဲ့ဝင်တစ်ယောက်အနေဖြင့် အဓိကအခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ ထို့နောက် ရှောလုသည် ယေရုရှလင်၌ရှိသော အသင်းတော်ကို ဖျက်စီးရာ၌ခေါင်းဆောင်ဖြစ်လာခဲ့သည်။ တမန်တော်ဝတ္ထု ၈း ၃၊ ၂၆း၉-၁၁။

ယုံကြည်သူများသည် ရှောလုကို ကြောက်လန့်နေသည်မှာ အံ့သြဖွယ်မဟုတ်တော့ချေ။ ထို့နောက် သူတို့သည် ဘာလုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၈း၁၊ ၄။

**လက်တွေ့ကျင့်သုံးရန် -** ဘုရားသခင်သည် သာသနာပြုများစွာကို စေလွှတ်မည့်အစား၊ ထိုအမှုပြီးဆုံးဖို့ရန် ယေရုရှလင်ရှိ အသင်းတော်ကို ခွင့်ပေးလိုက်သောအရာများသည် ကျေနပ်စရာဖြစ်ကြောင်း တွေ့မြင်နိုင်ခဲ့သည်။ ထို့ကြောင့် ယုံကြည်သူများသည် ညှဥ်းပမ်းနှိပ်စက်ခြင်းအားဖြင့် အရပ်ရပ်သို့ ကွဲပြားပျံ့နှံ့စေခဲ့သည်။ သူတို့ ယေရုရှလင်မှ ထွက်ခွာသည်နှင့်အမျှ၊ သူတို့ရောက်သောနေရာတိုင်းတွင် သူတို့သည် သာသနာပြုများဖြစ်လာခဲ့ကြ၏။

## အင်္ဂါနေ့ | ဖိလိပ္ပု (တမန်တော်ဝတ္ထု ၈း၅-၄၀) ၃

ဖိလိပ္ပုသည်လည်း၊ အသင်းထောက်ခုနှစ်ယောက်မှ တစ်ယောက် အပါအဝင်ဖြစ်ပြီး၊ ရှာမာရိပြည်သို့ သွားခဲ့၏။ ထိုနေရာသည် ယေရှုခရစ်တော် ရေတွင်းနားမှာ မိန်းမတစ်ယောက်ကို စကားပြောခဲ့သည်နှင့်အမျှ၊ သမ္မာတရားမျိုးစေ့များကို စိုက်ပျိုးပေးခဲ့သောနေရာ ဖြစ်သည်။ ဖိလိပ္ပုသည် တရားဟောပြီး၊ အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြုလုပ်သောအခါ၊ လူများတို့သည် မည်သို့ တုန့်ပြန်ခဲ့ကြသနည်း။ တမန်တော်ဝတ္ထု ၈း၈။

ထိုနေရာ ရှာမာရိပြည်၌ ရှိမုန်အမည်ရှိသောသူတစ်ယောက်ရှိခဲ့၏။ သူသည် နတ်ဝိဇ္ဇာအတတ်ဖြင့် စာတန်၏အမှုကို ထမ်းနေသည်။ အဘယ်ကြောင့်ဆိုသော် စာတန်သည် သူ့အားဖြင့် ထူးဆန်းသောအရာများကို လုပ်ခဲ့၍၊ ထိုနေရာတွင် သူသည် နာမည်ကျော်ကြားခဲ့၏။ သို့သော် ထိုအချိန်၌ သူသည် သခင်ယေရှုကို ကိုယ်တိုင်ယုံကြည်လက်ခံကြောင်း ကြေညာပြီး၊ ရေနှစ်ခြင်းခံခဲ့သည်။

ရှိမုန်က ဖိလိပ္ပုအားဘုရားသခင်ပေးထားသော တန်ခိုးတော်၌ အလွန်စိတ်ဝင်စား၍ မိန်းမောတွေဝေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုတန်ခိုးသည် သူ့အားစာတန်ပေးထားသော တန်ခိုးထက်ကြီးမားသောကြောင့်ဖြစ်၏။ ပေတရုနှင့် ယောဟန်တို့သည် ဖိလိပ္ပုကိုကူညီဖို့ရန် ရှာမာရိပြည်သို့ ရောက်လာသောအခါတွင်၊ သူတို့၌ရှိသောထိုနည်းတူတန်ခိုးကို သူ့အားပေးလျှင် ငွေကို ပေးမည်ဟု ရှိမုန် သည် သူတို့အား ကမ်းလှမ်းတောင်းဆိုခဲ့သည်။ သူသည် ဘုရားသခင် အတွက်မဟုတ်ဘဲ၊ သူကိုယ်ပိုင်နာမည်ကြီးဖို့ရန်သာ ထိုတန်ခိုးကို လိုချင်ခဲ့၏။ တပည့်တော်များသည် သန့်ရှင်းသောဝိညာဥ်တော်အား ငွေဖြင့်ဝယ်နိုင်သည်ဟု ရှိမုန်ကတွေးမိသောကြောင့် အံ့အားသင့်ပြီး သူ့အား သင်သည် ဘုရားသခင်အားပြစ်မှားသည်ဟု ဆုံးမခဲ့သည်။ ထိုသို့သော အတွေးသည် သူ့အား ထာဝရပျက်စီးတော်မူမည်လား။ အငယ် ၂၀- ၂၃။

ဖိလိပ္ပုသည် ရှာမာရိပြည်၌ ရှိနေစဥ်၌ ကောင်းကင်တမန်တပါးသည် ဖိလိပ္ပုအား သင်ထ၍ ယေရုရှလင်မြို့မှ ဂါဇမြို့သို့ သွားရာ တောလမ်းတွင် တောင်မျက်နှာသို့ သွားလောဟု ပြောလေ၏။ ထိုနေရာသည် မိုင်ပေါင်းများစွာဝေးသောနေရာဖြစ်သည်။ သို့သော် ဖိလိပ္ပုသည် ချက်ချင်းထ၍ သွားလေ၏။

သူသည် ထွက်ခွာသွားခဲ့သည်နှင့်အမျှ၊ နှစ်ဘီးတပ် စစ်ရထားတစ်ခုပေါ်၌ လူတစ်ယောက်ကို တွေ့လေ၏။ ထိုသူသည် အဲသယောပိပြည်ကို အုပ်စိုးသောမိဖုရား၏အလွန်အရေးကြီးသောသူ ဘုန်းကြီးသောအမတ်ဖြစ်၍ ဘဏ္ဍာတော်ရှိသမျှကို အုပ်စိုးရသော ထိုပြည်သား တစ်ယောက်ဖြစ်သည်။ သူသည် ခရီးမှအိမ်ပြန်စဥ် ကျမ်းစာကိုဖတ်နေလေ၏။ သန့်ရှင်းသော်ဝိညာဥ်တော်သည် ထိုလူအား စကားသွားပြောရန် ဖိလိပ္ပုကို စေလွှတ်ခဲ့သည်။ ထိုသို့တွေ့ဆုံသောနောက်၊ ဖိလိပ္ပုသည် ဘာလုပ်ခဲ့သနည်း။ ထိုလူသည်လည်း မည်သို့ တုန့်ပြန်ခဲ့သနည်း။ အ ငယ် ၃၀၊ ၃၁။

သူတို့သည် အတူတကွစီးနင်းပြီး ကျမ်းစာကိုလေ့လာမှုသည် အဘယ်မျှလောက်အံ့သြစရာကောင်းသနည်း။ ဖိလိပ္ပုသည် ဟေရှာယအနာဂတ္တိကျမ်း ၅၃ မှအစပြု၍ ဓမ္မဟောင်းကျမ်း၌ရှိသော ယေရှုခရစ်တော်အကြောင်း ပရောဖက်ပြုချက်များကို ရှင်းပြခဲ့သည်။ ထို့နောက် သူတို့သည် ရေကန်တစ်ကန်သို့ ရောက်သောအခါ၊ ထိုလူသည် ရေနှစ်ခြင်းကို ခံယူခဲ့၏။ ဖိလိပ္ပုသည် ဘာပြောခဲ့သနည်း။ အငယ် ၃၇၊ ၃၈။

**လက်တွေ့ကျင့်သုံးရန် -** ဘုရားသခင်သည် ဖိလိပ္ပုကို အသုံးပြုခဲ့သည်နည်းတူ၊ သင့်ကိုလည်း ထို့အတူ အသုံးပြုနိုင်မည်လား။ ဖိလိပ္ပုပြုလုပ်ခဲ့သကဲ့သို့ သင်သည်လည်း ဘုရားသခင်၏စကားကို နားထောင်ပြီး ထိုသို့ ပြုမည်လား။ ဖိလိပ္ပုကဲ့သို့ သင်သည် အခွင့်အရေးကြုံသောအခါ ယေရှုခရစ်တော်အကြောင်း ပြောဖို့ရန် သတ္တိရှိပြီလား။

## ဗုဒ္ဓဟူးနေ့ | ရှောလု၏စကားပြောခြင်း (တမန်တော်ဝတ္ထု ၉း၁-၉) ၄

ယေရုရှလင်သို့ အပြန် ရှောလုသည် ယေရှုခရစ်တော်ကို ယုံကြည်သူများကို ရက်စက်စွာ နှိပ်စက်နေခဲ့သည်။ သို့သော် သူသည် သူလုပ်သောအရာသည် မှန်၏လားဟူသည်ကို သူအမြဲတမ်း သေချာမသိခဲ့ပါ။ သူသည် သတေဖန်အား ခဲနှင့်ပေါက်သတ်ခြင်းကို မကြာခဏပြန်စဥ်းစားမိခဲ့သည်။ သူသည် “ကောင်းကင်တမန်မျက်နှာ အသွင်အပြင်” ကဲ့သို့ အသွင်ပေါ်လာခဲ့သည့် သတေဖန်၏ မျက်နှာကို တွေ့မြင်နေဆဲဖြစ်ခဲ့၏။ (တမန်တော်ဝတ္ထု ၆း၁၅)။ သူသည် သတေဖန်၏ရန်သူများအပေါ် ခွင့်လွှတ်သော စိတ်နေစိတ်ထားနှင့် အမှန်တရားကို ရှင်းလင်းပြတ်သားစွာ တင်ဆက်ခြင်းကို သတိရနေခဲ့သည်။



သူသည် ထိုအကြောင်းကို ဘာသာရေး ခေါင်းဆောင်များအား မေးမြန်းခဲ့၏။ နောက်ဆုံး၌ သူတို့ကသာ အမှန်ဖြစ်ကြောင်းကို ရှောလုအား အယုံ သွင်းစေ၏။ သို့သော်လည်း ရှောလု၏စိတ်ထဲ၌ မေ့ပျောက်မရဖြစ်နေဆဲဖြစ်၏။ သူသည် ၎င်းကြောင့် မိမိ၏စိတ်ကို မိမိကိုယ်တိုင်ခြိမ်းခြောက်စေ၍၊ ညအချိန်ခါ၌ အိပ်ရာမှ ထပ်ခါထပ်ခါ နိုး၏။

နောက်ဆုံးတွင် ရှောလုကယေရှုခရစ်တော်သည် စစ်မှန်သောကတိတော်မေရှိယသခင်ဖြစ်ကြောင်းကို တကြိမ်ထက်မက၊ တွေးမိခဲ့သည်။ သို့သော် သူသည် ယေရှုခရစ်တော်နှင့် သူ့နောက်လိုက်များကို ဆန့်ကျင်ရန် ကတိကဝတ်အသစ်ကို ပြန်လည်ပေးအပ်ခဲ့၏။

ဘာသာရေးခေါင်းဆောင်များသည် ယေရုရှလင်၌ရှိသော ယုံကြည်သူများအား နှိပ်စက်ခြင်းကို မကျေနပ်သေး၍၊ တခြားသော မြို့များ၌လည်း ထိုနည်းတူ လုပ်ဆောင်ရမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။ ရှောလုသည် ထိုအကူအညီအတွက် ကမ်းလှမ်းခြင်းခံရပြီး၊ မကြာမီ၌ ယေရုရှလင်မြို့၏ မြောက်ဘက် မိုင် ၁၃၀ ကျော်ထက်ဝေးသော ဒမာသတ်မြို့သို့ စေလွှတ်ခြင်းခံရခဲ့သည်။ သူသည် ဒမာသတ်မြို့၌ရှိသော ယုံကြည်သူများကို ယေရုရှလင်သို့ပြန်ပို့ရန် အခွင့်အာဏာပေးသော ယဇ်ပုရောဟိတ်မင်းထံမှ စာများကို သူသယ်သွားခဲ့သည်။

သို့သော် ဘုရားသခင်၌ ထူးခြားသော အစီအစဥ်တစ်ခုရှိခဲ့၏။ ထို့နောက် ရှောလုသွားသောလမ်း၌ ဘာဖြစ်ပျက်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၉း၃-၆။ အလင်းသည် မှေးမှိန်သွားသောအခါ သူမျက်စိကန်းနေသည်ကို ရှောလု သိခဲ့ရသည်။ သူ၏အပေါင်းအဖော်တို့သည် သူ့အား ဒမာသတ်မြို့သို့ အနားပေးရန် ခေါ်သွားပြီး၊ ယုံကြည်သူတစ်ယောက်၏အိမ်၌ သူ့ကို ချန်ထားခဲ့သည်။

ရှောလုသည် သုံးရက်တိုင်တိုင် အစာမစား၊ ရေမသောက်ဘဲ နေခဲ့သည်။ သူ၏စိတ်နှလုံး၌ အဘယ်သို့သော အတွေးများ ပြည့်နေမည်နည်း။ ယေရှုခရစ်တော်သည် ကတိတော်ထားသော မေရှိယသခင် အမှန်ဖြစ်၏။ သတေဖန်၏သက်သေခံချက်များသည် မှန်ကန်ခဲ့၏၊ ရှောလုသည်သာ မှားယွင်းသောသူဖြစ်၏။ ဘာသာရေးခေါင်းဆောင်များသည် လိမ်လည်မှုဖြင့် သူ့အား အယုံသွင်းခဲ့ကြ၏။ သူသည် စာတန်အတွက် အလုပ်လုပ်ပေးခဲ့၏။ ဘုရားသခင်သည် သူ့အား အမြဲတမ်း အဘယ်သို့ ခွင့်လွှတ်နိုင်မည်နည်း။ သူသည်လည်း အဘယ်သို့ အထီးကျန် ခံစားခဲ့သနည်း။

**လက်တွေ့ကျင့်သုံးရန် -** သန့်ရှင်းသောဝိညာဥ်တော်၌ အပြစ်ကျူးလွန်သောပုဂ္ဂိုလ်ကို ပြောင်းလဲစေရန် အံ့ဖွယ်သောတန်ခိုးရှိသည်။ သင်သည် အပြစ်များကို ဝန်ချသောအခါ ဒမာသတ်မြို့သို့သွားသောလမ်း၌ ရှောလုပြုခဲ့သည်အတိုင်း နောင်တတရားဖြင့် တုန့်ပြန်ပါက၊ သူသည် သင့်အား ပြောင်းလဲပေးမည်ဖြစ်သည်။

## ကြာသပတေးနေ့ | အမှုတော်အတွက် ပြင်ဆင်နေခြင်း (တမန်တော်ဝတ္ထု ၉း၁၀-၂၂) ၅

ရှောလုသည် ဒမာသတ်မြို့၌ မျက်စိကွယ်ပြီး၊ အထီးကျန်ခံစားချက်ဖြင့် နေခဲ့ရ၏။ သူ့အားအဘယ်အမှုလုပ်စေချင်ကြောင်းကို ဘုရားသခင်ထံ မေးခွန်းထုတ်သောအခါ၊ ဘုရားသခင်သည် သူ့အား ချက်ချင်း မပြောပြခဲ့ချေ။ သို့သော် သုံးရက်အလွန်တွင် ဘုရားသခင်သည် ဒမာသတ်မြို့၌ရှိသော အာနနိအမည်ရှိသော ယုံကြည်သူတစ်ယောက်အား ရှောလုထံသွား၍ သူနှင့်စကားပြောရန် မိန့်တော်မူခဲ့သည်။ အာနနိသည် ရှောလုအား ဘာပြောပြခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၂း၁၂-၁၆။ ချက်ချင်း ရှောလုသည် မျက်စိတဖန်ပြန်မြင်သဖြင့် ထ၍ ဗတ္တိဇံကို ခံခဲ့၏။



ရှောလုသည် စစ်မှန်သောနောင်တရသူဖြစ်၏။ သူသည် အမှားများကို ပြုလုပ်ခဲ့မိကြောင်းကို သိမြင်နားလည်သောအခါ၊ အမှန်ကိုပြုလုပ်ဖို့ စတင်ရန် အချိန် အဘယ်မျှလောက်ကြာညောင်းခဲ့သနည်း။ တမန်တော်ဝတ္ထု ၉း၂၀-၂၂။

ယုဒခေါင်းဆောင်များသည် မည်သို့ဖြစ်ပျက်ခဲ့သည်ကို သိမြင်ပြီးနောက် မှုးမေ့သတိလစ်သွားခဲ့ကြ၏။ ယေရှု တဘက်၌ အင်အားကြီးသောရန်သူဖြစ်နေမည့်အစား၊ ပေါလု (ရှောလု-တခြားအမည်) ထိုအချိန်၌ ယေရှုအတွက် သစ္စာရှိသောယုံကြည်သူ၊ အင်အားကြီးသော သာသနာပြုသူဖြစ်ခဲ့လေ၏။ ၎င်းသည် သူတို့အား နှစ်ဆသော နှိပ်စက်ခြင်းဖြစ်လေ၏။ စာတန်သည် ခွန်အားကြီးမားသော ချန်ပီယံ သခင်ယေရှုကို ရှုံးပြီး၊ သခင်ယေရှုသည် အောင်မြင်သောသူဖြစ်လေ၏။

ချက်ချင်းပင်၊ သူတို့သည်ယေရှု၏နောက်လိုက်များကို မုန်းခဲ့သည်နည်းတူ ပေါလုကိုလည်း ထိုအချိန်မှစ၍ မုန်းတီးခဲ့ကြလေ၏။ မကြာမီ၌၊ ပေါလုသည် ဒမာသတ်မြို့မှ ထွက်ခွာခဲ့လေ၏။ သူသည် ထိုနေရာမှ အာရပ်ပြည်သို့ သွားခဲ့လေ၏ (ဂလာတိဩဝါဒစာ ၁း၁၇)၊ ထိုနေရာ၌ သူ၏အနာဂတ်အမှုတော်ဆောင်ခြင်းအတွက် ပြင်ဆင်ဖို့ရန် သုံးနှစ်နီးပါး အချိန်ယူခဲ့ရ၏။